**မြန်မာ့တိုင်းရင်းဆေးပညာနှင့်ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစားလိုက်နာတတ်သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းဖြစ် ပေါ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်**

**(ထောက်ခံချက်)**

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်ကြီးများ၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါကြောင်း ဆုတောင်းမေတ္တာပို့သလျက် နူတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား/ရှင့်။

ကျွန်တော်/ကျွန်မကတော့ ------ ပြည်နယ်/ ------ တိုင်းဒေသကြီးမှ တိုင်းရင်းဆေးသမားတော်များ ညီလာခံကိုယ်စာလှယ် ဦး ------ / ဒေါ် ------ ဖြစ်ပါတယ်ဗျား/ရှင့်။ ကျွန်တော်/ ကျွန်မအနေဖြင့် ယခုကျင်းပတဲ့ (၁၇)ကြိမ်မြောက်တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးမှာ “မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစားလိုက်နာတတ်သော ပတ်ဝန်းကျင်အသိုင်းအဝန်း ဖြစ်ပေါ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်”ဆိုတဲ့၊ ကျွန်တော်/ ကျွန်မတို့ တိုင်းရင်းဆေးလောကအတွက် အရေးပါလှတဲ့ အဆိုတစ်ရပ်ကို ထောက်ခံချင်ပါတယ်ခင်ဗျား/ ရှင့်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

အဆိုရှင်တင်ပြသွားတဲ့ အချက်တွေထဲက အရေးကြီးဆုံးတစ်ချက်ကို ကျွန်တော်/ ကျွန်မ အနေနဲ့ ဆွေးနွေးချင်ပါတယ်။ အဆိုရှင်က ကျွန်တော်/ကျွန်မတို့ နိုင်ငံမှာမိမိတို့ပိုင်ဆိုင်တဲ့ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ မိမိတို့တီထွင်ထားသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးနည်းများစွာရှိပါတယ်၊ ကမ္ဘာကြီးဟာလဲ ရွာကြီးတစ်ရွာလို ဖြစ်လာပါပြီ၊ အရာရာဟာ အလွန်လျှင်မြန်စွာ ပြန့်နှံ့ကူးစက်လွယ်တာကြောင့် မိမိတို့ဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးနည်းများ လွယ်လွယ်လေးနဲ့ အခြားကိုပါသွားမှာ စိုးရိမ်သလို မိမိတို့ ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ၊ ပညာရပ်များအပေါ် အခြားနိုင်ငံများက စိမ့်ဝင်လွှမ်းမိုးလာမှာကို စိုးရိမ်နေကြောင်း ဆွေးနွေးသွားပါတယ်။ ဒီကိစ္စဟာဆိုရင် အင်မတန်မှကိုပဲ အရေးကြီးလှပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော အမျိုးသားဆေးပညာ ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ အစဉ်အဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ခံယူကာ ကျန်းမာခဲ့ကြတယ်၊ အသက်ရှင်ခဲ့ကြတယ်၊ နိုင်ငံသူ/နိုင်ငံသားတွေရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ကြပေတယ်၊ မိမိတို့၏ မြန်မာ့ တိုင်းရင်းဆေးပညာသည် ပင်ကိုသဘာဝအားဖြင့် သိမ်မွေ့နက်နဲ၍ ကျယ်ပြန့်လှသော ဆေးပညာ ဖြစ်ပါတယ်၊ နယကြီးလေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် မြန်မာ့တိုင်းရင်းဆေးပညာ၏ သဘောသဘာဝမှာ အခြားဆေးပညာရပ်များနှင့်မတူ

တစ်မူထူးခြား လေးနက်လှပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာသည် တိုင်းရင်းဆေး ပညာရှင်ကြီးများ ကိုယ်တိုင် နှစ်ပေါင်းများစွာ စာတွေ့၊ လက်တွေ့ ကုသပျောက်ကင်းမှု အတွေ့အကြုံများကို အခြေပြုသော ဆေးပညာဖြစ်ပါတယ်။ အခြားနိုင်ငံ များကလည်း မြန်မာ့တိုင်းရင်းဆေးပညာကို စိတ်ဝင်တစား လာရောက်လေ့လာ ကြတာကိုလည်း အားလုံး အသိပင်ဖြစ်ပါတယ်။ ယခုအခါ ပုံသဏ္ဌာန်အမျိုးမျိုး၊ အသွင်သဏ္ဌာန် အမျိုးမျိုးဖြင့် မိမိတို့ နိုင်ငံဒေသအသီးသီးမှာ ဝင်ရောက်လေ့လာ ကူးယူကြတာ ကိုလည်း စိုးရိမ်စရာ ကောင်းလောက်အောင် ကြားသိကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဒါတွေကို အကောင်းဆုံး အကာအကွယ်ပေးနိုင်တာက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အကာအကွယ်များ ရယူထားခြင်းပင် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေး ပညာရပ်များ၊ ကုသနည်းစနစ်များအား ဖော်ထုတ်သတ်မှတ်ရန် အဆိုကို ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး တိုင်းရင်း ဆေးပညာပိုင်းဆိုင်ရာတွင် အသုံးပြုသော ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများ၏ အခန်းကဏ္ဍကလည်း အလွန်ပင် အရေးကြီးလှပါတယ်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

အဆိုရှင် တင်ပြဆွေးနွေးသွားတဲ့ အခြားနိုင်ငံများတွင် သူတို့ရဲ့ဆေးပညာ နယ်ပယ်ရပ်ဝန်းမှာ ဆန်းသစ်တီထွင်ဖွံ့ဖြိုးမှု အမျိုးပေါင်းမြောက်များစွာကို မူပိုင်ခွင့် သဘောတူရယူထားတယ်ဆိုတာ ဟာအလွန်ပင် သတိပြု အလေးထားစရာကိစ္စပင် မဟုတ်ပါလား။ အခြားနိုင်ငံများက ခေတ်မီနည်း စနစ်ဖွံ့ဖြိုးတိုးတက်တာကြောင့် မိမိတို့နိုင်ငံ၏ ရေမြေနှင့် ၄င်းတို့အပေါ်တွင် တည်ရှိနေသော ဆေးဖက် ဝင်ပစ္စည်းများနှင့် ၄င်းတို့၏ မျိုးရိုးဗီဇများကို နမူနာရယူပြီး ခေတ်မီနည်းပညာများ သုံး၍ မူပိုင်ခွင့် ရယူသွားပါက ဘာမျှ မတတ်နိုင်ပါ။ မိမိတို့နိုင်ငံတွင် ဆေးဖက်ဝင်ပစ္စည်း မြောက်များစွာ ရှိပါတယ်။ မိမိတို့က ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ဒေသရှိဆေးပင်၊ ဆေးပစ္စည်းများအား မထိန်းသိမ်း၊ မကာကွယ်၊ မစောင့်ရှောက်နိုင်လျှင် မိမိတို့၏ သယံဇာတပစ္စည်းများ ဆုံးရှုံးနစ်နာနိုင်ဖွယ်ရှိပေတယ်။ နောင်လာနောက်သားများ အတွက်လည်း အလွန်ပင် ရင်လေးဖွယ် ဖြစ်ပေတယ်။ ဒါကြောင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်အကာအကွယ်များ ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်း စနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ရန် အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။ မိမိတို့နိုင်ငံတွင်းရှိ တိုင်းရင်း ဆေးသမားတော်ကြီးများ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သည့် လုပ်ငန်းရှင်ကြီးများလည်း ကိုယ်တိုင် ကြိုးစားရှာဖွေဖော်ထုတ်ထားသော တိုင်းရင်းဆေးဝါး ဖော်မြူလာနည်းစနစ်များ၊ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ဆေးနည်း၊ ဆေးဖုံများအား အခြားသူများက အလွယ်တကူ ပုံတူ ကူးယူသွားပါက မည်သို့မျှတတ်နိုင်မည် မဟုတ်ပါ။ မိမိတို့မှာ ကာကွယ်ရန်အတွက် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အကာအကွယ်များ ရယူထားရန်မှတပါး အခြားမရှိပါ။

အဆိုရှင်က မြန်မာနိုင်ငံမှာ လက်ရှိအချိန်အထိ တိုင်းရင်းဆေးပညာနှင့် ပတ်သက်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်နဲ့ပတ်သက်ပြီး ထိရောက်ခိုင်မာသည့်ဥပဒေ မရှိသေးပါကြောင်း အသိဉာဏ် ပစ္စည်းမူပိုင်ခွင့် (Sui generis)နဲ့ ပတ်သက်တဲ့ ဥပဒေမူကြမ်းများကို ပညာရေးဝန်ကြီးဌာနနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနများက ၂၀၀၅ ခုနှစ် ကတည်းက ရေးဆွဲတင်ပြခဲ့ကြောင်း ဆွေးနွေး သွားပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာနဲ့ ပတ်သက်တဲ့ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကိုပါ အကာ

အကွယ်ပေးနိုင်တဲ့ အသိဉာဏ်ပစ္စည်း ကာကွယ်တဲ့ ဥပဒေများ ရရှိပေါ်ထွက်လာနိုင်စေရန် သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် အထူးတိုက်တွန်းလိုပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် မိမိအခွင့်အရေးကိုသာမက အခြားသူများ၏ အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက်ပေးပါတယ်။ နိုင်ငံအတွက်၊ အားလုံးအတွက် အကျိုးကျေးဇူးများစွာရနိုင်သောကိစ္စ ဖြစ်တာကြောင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ်ရန် အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

အဆိုရှင်က Nagoya Protocol ကို လေးစားလိုက်နာတက်သော ပတ်ဝန်းကျင် အသိုင်းအဝန်း ဖြစ်ပေါ်လာစေရေးနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသွားပါတယ်။

Nagoya Protocol ဟာ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်လုပ်ပေးသူနှင့် ရယူသုံးစွဲသူ အကြားတွင် တရားဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ အခြေခံကျကျ ဆောင်ရွက်ပေးနိုင်တာကို တွေ့ရပါတယ်။ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၏ တတိယရည်မှန်းချက်ကို သိသာစွာ တိုးတက် ရရှိစေပါတယ်။ မျိုးရိုးဗီဇအရင်းအမြစ်များနဲ့ မိရိုးဖလာပညာရပ်များကို မြှင့်တင်မြေတောင်မြှောက်ခြင်း၊ ၎င်းတို့ကို သုံးစွဲခြင်းအားဖြင့် ရရှိသောအကျိုးစီးပွားများကို ညီညွတ်တရားမျှတစွာ ခွဲဝေခြင်း၊ အစရှိသော အခွင့်အလမ်းများကို ခိုင်မာစေခြင်းအားဖြင့် Nagoya Protocol က ဇီဝမျိုးစုံမျိုးကွဲ ကွန်ဗင်းရှင်း၏ တတိယရည်မှန်းချက်ကို တိုက်တွန်းလှုံ့ဆော်၊ အားပေးအားမြှောက် ဖြစ်စေပြီး တိုးတက်မှု ရရှိစေပါတယ်။

ဤ Nagoya Protocol ဟာ မျိုးရိုးဗီဇအရင်းအမြစ်များနှင့် ဆက်စပ်လျက်ရှိသော မိရိုးဖလာရိုးရာပညာရပ်များ အသုံးပြုခြင်းတို့ကို မြှင့်တင်ခြင်းအားဖြင့်လည်းကောင်း၊ ထိုသို့ အသုံးပြုရာမှ ထွက်ပေါ်ရရှိလာမည့် အကျိုးအမြတ်များကို သာတူညီမျှ ခွဲဝေခံစားစေနိုင်မည့် အခွင့်အလမ်းများကို ခိုင်မာစေရန် ဆောင်ရွက်ခြင်းအားဖြင့်လည်းကောင်း၊ သက်ရှိဇီဝ မျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်နှင့် ၎င်းတို့၏ အစိတ်အပိုင်းများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန်အတွက် မက်လုံးများကို ဖန်တီးပေးသည့်အပြင် လူသားနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ရှိဇီဝမျိုးစုံမျိုးကွဲများ ပါဝင်မှုအခန်းကဏ္ဍကို ပို၍အရှိန်အဟုန်မြင့် အားကောင်းစေပါတယ်။

ယနေ့ကမ္ဘာပေါ်မှာ မျိုးရိုးဗီဇအရင်းအမြစ်များက အလွန်ပင်ရှားပါး တန်ဖိုးကြီးပါတယ်။ ဒီ Nagoya Protocolရဲ့ ရည်ရွယ်ချက်များက အလွန်ရှားပါး တန်ဖိုးကြီးလှသော မျိုးရိုးဗီဇအရင်းအမြစ်များကို အသုံးပြုခြင်းအားဖြင့်ရရှိသော အကျိုးကျေးဇူးများကို အချင်းချင်း သင့်တင့်မျှတစွာ ခွဲဝေသုံးစွဲကြရန်၊ ဆက်စပ်နီးနွယ်သော နည်းပညာများကို တစ်ဦးမှတစ်ဦးသို့ မှန်ကန်သင့်လျော်စွာ လွှဲပြောင်းပေးရန်၊ အဲ့ဒီမျိုးရိုးဗီဇအရင်းအမြစ်များ၊ နည်းပညာများ၏ အခွင့်အပေါ်တာဝန်ယူတတ်ရန်၊ သင့်တင့်လျောက်ပတ်သောရန်ပုံငွေ ထောက်ပံ့ပေးရန်၊ ၎င်းတို့၏ အစိတ်အပိုင်းများကို ရေရှည်သုံးစွဲနိုင်ရေးအတွက် ဇီဝကွဲပြားချက်များကို ဝိုင်းဝန်းစောင့်ရှောက် ကြရန်ဆိုတဲ့ အလွန်ပင် မြင့်မြတ်လှတဲ့ ရည်ရွယ်ချက်များ ဖြစ်ပါတယ်။ အဲ့ဒီလိုကောင်းတဲ့ မျိုးရိုးဗီဇအရင်းအမြစ်

များကို ညီညွတ်တရားမျှတစွာ ခွဲဝေအသုံးချစေသော အလေ့အထကို အားလုံးက လိုက်နာကျင့်သုံးတက်ရန်လည်း အထူးအရေးကြီးပါကြောင်း ဆွေးနွေးလိုပါတယ်။

**သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်**

ကျွန်တော်/ ကျွန်မအနေနဲ့ ယခုညီလာခံကြီးမှာ "မြန်မာ့တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရရှိသင့်သည့် တိုင်းရင်းဆေးပညာရပ်များ၊ ကုသနည်းစနစ်များ၊ ဆေးပင်များ၊ ဆေးပစ္စည်းများ၊ ဆေးနည်းများအား ဖော်ထုတ်သတ်မှတ် ဆောင်ရွက်ရန်နှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာများနှင့် Nagoya Protocol ကို လေးစားလိုက်နာတတ်သော ပတ်ဝန်းကျင်အသိုင်းအဝန်း ဖြစ်လာစေရေးအတွက် နှီးနှောဖလှယ်ပညာပေးရန်" ဆိုတဲ့ အဆိုတစ်ရပ် ကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ် ခင်ဗျား/ရှင့်။